## စခန်းစီမံခန့်ခွဲမှု လက်စွဲစာအုပ် မှာ မည်သည့်စာအုပ်မျိုးဖြစ်သနည်း

၂၀၀၄ ခုနှစ်တွင် ပထမအကြိမ် တည်းဖြတ်ထုတ်ဝေသည့် စခန်းစီမံခန့်ခွဲမှု လက်စွဲစာအုပ်မှာ စခန်းစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အသိပညာများ၊ ဆောင်ရွက်ပုံနည်းလမ်းများကို ပိုမိုတိကျစွာ ပေးလို၍ ပြုစုထုတ်ဝေခဲ့ခြင်းဖြစ်သည်။ စခန်း ညှိနှိုင်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှု (CCCM) မှာ ဦးစားပေးကဏ္ဍတစ်ရပ် ဖြစ်ပါသည်။ ဤကဏ္ဍတွင် ပါဝင်ဆောင်ရွက် သူများသည် စခန်းစီမံခန့်ခွဲမှုဆောင်ရွက်သည့် အသက်မွေးပညာရှင်အားလုံးအတွက် တူညီသော လုပ်ငန်းနည်းလမ်းများ လိုအပ်ကြောင်း သတိပြုမိခဲ့ပါသည်။

စခန်းစီမံခန့်ခွဲမှု လက်စွဲစာအုပ်မှာ စခန်းဘဝ၏ ရှုထောင့်တစ်ခုချင်းစီအတွက် စခန်းစီမံခန့်ခွဲမှု အေဂျင်စီများ၏ အခန်း ကဏ္ဍနှင့် တာဝန်ဝတ္တရားများကို အထူးပြုဖော်ပြခြင်းဖြစ်သည်။ ၎င်းတွင် စခန်းဘဝစက်ဝန်းနှင့် ဆက်စပ်နေပြီး ကဏ္ဍများစွာနှင့် သက်ဆိုင်နေသည့် အချက်အလက် အများအပြား ပါဝင်သည့်အပြင် စခန်းတွင်း ကာကွယ်စောင့်ရှောက်မှု နှင့် အကူအညီများပေးခြင်းနှင့် စပ်လျဉ်း၍ မရှိမဖြစ် လိုအပ်အရေးကြီးသော အရေးကိစ္စများကို တင်ပြထားသည်။ ဤလမ်းညွှန်သည် စခန်းစီမံခန့်ခွဲမှု အေဂျင်စီများအား စခန်းတစ်ခု၏ စီမံခန့်ခွဲမှုနှင့် ညှိနှိုင်းဆောင်ရွက်မှုအတွက် ကူညီ ပေးရန် လက်တွေ့အကြံဉာဏ်များ ပါဝင်သည့်အပြင် ရွှေ့ပြောင်းနေထိုင်ရသူများ၏ အခွင့်အရေးကို လေးစားရန် သေချာစေရေးအတွက်လည်း ပါဝင်သည်။ စခန်းစီမံခန့်ခွဲမှု လက်စွဲစာအုပ်မှာ နိုင်ငံရေးနှင့် သက်ဆိုင်သော စာအုပ် မဟုတ်သကဲ့သို့ လိုက်နာရန် ညွှန်ကြားချက်များလည်း မဟုတ်ပါ။ စင်စစ် စခန်းညှိနှိုင်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှု (CCCM) ဆိုင်ရာ ပညာရှင်များ၏ အတွေ့အကြုံများမှရရှိလာသော လက်တွေ့အကြံပြုချက် အသီးအပွင့်များ ဖြစ်ပါ သည်။ အသုံးပြုသူအားလုံးသည် လက်စွဲစာအုပ်တွင် ပေးထားသော လမ်းညွှန်များကို ဆက်စပ်အခြေအနေများအရ ဆီလျော်စွာ အသုံးပြုရန် လိုအပ်ပါသည်။

**စခန်းတစ်ခုမှာ နောက်ဆုံးရွေးချယ်ရမည့်နေရာ ဖြစ်သည်။**

CCCM အစုအဖွဲ့သည် စခန်းများဖွင့်လှစ်ထူထောင်ရန်သော်လည်းကောင်း စခန်းများတွင် နေထိုင်ကြစေရန်သော်လည်းကောင်း တိုက်တွန်းအရေးဆိုခြင်းမပြုပါ။ ထိုအစား စခန်းများမှာနေရပ်စွန့်ခွာရသူများအား လက်ခံမည့် တစ်ခါတစ်ရံ တစ်ခုတည်းသောနှင့် နောက်ဆုံးရွေးချယ်စရာဖြစ်နေတတ်ကြောင်း သိမှတ်၍လက်တွေ့ကျသော နည်းလမ်းကိုဆောင်ရွက်ရခြင်းသာဖြစ်သည်။ စခန်းတစ်ခုထူထောင်ရန်မတိုက်တွန်းမီ အခြားဖြစ်နိုင်ခြေရှိသော ရွေးချယ်စရာများကိုအမြဲပင် ထည့်သွင်းစဉ်းစားရပေမည်။ စခန်းတစ်ခု ထူထောင်ရန် တောင်းဆိုမှုတစ်ခု ပြုပြီးပါက နိုင်ငံ အာဏာပိုင်များနှင့် လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများသည် လူ့အခွင့်အရေးများကို ထိန်းသိမ်းပေးနိုင် ရန်နှင့် ရွှေ့ပြောင်းနေထိုင်ရသူများ၏ လိုအပ်ချက်ကို အကောင်းဆုံးဖြည့်ဆည်းနိုင်ရန်အတွက် လုပ်ငန်းများစွာတွင် ပါဝင် ဆောင်ရွက် ကြရပေမည်။ ထိုလုပ်ငန်းများမှာ ရွှေ့ပြောင်းနေထိုင်ရသူများအတွက် ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီများ ပေးအပ်ရန် ဖြစ်သည်။

စခန်းစီမံခန့်ခွဲမှု လက်စွဲစာအုပ်မှာ ဒုက္ခသည်စခန်းနှင့် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများ စခန်း နှစ်မျိုးလုံးအတွက် အသုံးပြုနိုင်ပြီး ပဋိပက္ခ အခြေအနေအတွက်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်များအတွက်ဖြစ်စေ သုံးနိုင်သည်။ ဤ လက်စွဲစာအုပ်မှာ အောက်တွင်ဖော်ပြထားသော ရှိနှင့်ပြီးလမ်းညွှန်များအပြင် ဖြည့်စွက်လမ်းညွှန်အနေနှင့် ပြုစုရေးသား ခြင်း ဖြစ်ပါသည်။

- စဖီးယား စီမံချက်၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သဘောတူညီမှု နှင့် ဘေးဒုက္ခအန္တရာယ်များအတွက် တုံ့ပြန်ဆောင်ရွက်ရန် အနိမ့်ဆုံးစံနှုန်းများ [The Sphere Project's Humanitarian Charter and Minimum Standards in Disaster Response]
- UNHCR ၏ အရေးပေါ်အခြေအနေအတွက် လက်စွဲစာအုပ် [UN Refugee Agency's UNHCR Handbook for Emergencies]
- အရေးပေါ်အခြေအနေများတွင် ပညာရေးအတွက် နိုင်ငံတကာကွန်ယက်၏ အနိမ့်ဆုံးစံနှုန်းများ [The Minimum Standards of the International Network for Education in Emergencies (INEE)]
- တိရစ္ဆာန်မွေးမြူရေး အရေးပေါ်လမ်းညွှန်များနှင့် စံနှုန်းများ [The Livestock Emergency Guidelines and Standards (LEGS)]

- ➔ ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းအဖွဲ့၏ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းတွင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အနိမ့်ဆုံးစံနှုန်းများ [The Minimum Standards for Child Protection in Humanitarian Action of the Child Protection Working Group]
- ➔ လုပ်ငန်းငယ်များအတွက် ပညာရေးနှင့် မြှင့်တင်ရေး [The Small Enterprise Education and Promotion (SEEP)]

ဤလက်စွဲစာအုပ်တွင် သုံးစွဲထားသော စခန်းဟူသည့် အသုံးအနှုန်းသည် စခန်းများနှင့် စခန်းကဲ့သို့သော နေရာ အမျိုးမျိုးကို ရည်ညွှန်းခြင်းဖြစ်ပြီး နေရပ်စွန့်ခွာလာရသူများအား လက်ခံသည့် စနစ်တကျတည်ထောင်ထားသော စခန်း များ၊ နေရပ်စွန့်ခွာလာသူများကိုယ်တိုင် စုဝေးတည်ထောင်သော စခန်းများ၊ စုစည်းနေထိုင်ရာနေရာများ၊ ယာယီစခန်းများနှင့် ကယ်ဆယ် ရေးစခန်းများ ပါဝင်ပါသည်။ ၎င်းမှာ ကျေးလက်နှင့် မြို့ပြ နှစ်မျိုးလုံး ဖြစ်နိုင်ပြီး နေထိုင်လက်စ စခန်းဖြစ်စေ စခန်း အသစ် ဖြစ်စေ၊ ပဋိပက္ခကြောင့် ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်စေ အကျုံးဝင်သည်။ တစ်နည်းဆိုရသော် နေရပ် စွန့်ခွာလာရသူများအနေနှင့် ယာယီနေထိုင်စရာ ရှာဖွေရသည့် မည်သည့်နေရာကို မဆို ဆိုလိုသည်။

၂၀၀၄ခုနှစ်ထုတ် မူရင်းလက်စွဲစာအုပ်သည် နိုင်ငံများစွာမှ အကူအညီပေးရေး ဆောင်ရွက်နေသူများထံမှ ဤနည်းလမ်း များအပေါ် တိုင်ပင်ဆွေးနွေးမှုများ ဖြစ်ထွန်းလာစေရန် လမ်းဖွင့်ပေးခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် လက်စွဲစာအုပ်ကို ထပ်မံ တည်းဖြတ်ထုတ်ဝေခဲ့သည့် စခန်းစီမံခန့်ခွဲမှုစီမံချက်က အဖွဲ့အစည်းအချို့ကို စုစည်းလုပ်ဆောင်စေခဲ့သည်။ ထိုအဖွဲ့ အစည်းများတွင် ဒိန်းမတ်နိုင်ငံ ဒုက္ခသည်များဆိုင်ရာကောင်စီ (DRC)၊ နိုင်ငံတကာ ကယ်ဆယ်ရေး ကော်မီတီ (IRC)၊ နိုင်ငံတကာ ရွှေ့ပြောင်းနေ ထိုင်သူများဆိုင်ရာအဖွဲ့အစည်း (IOM)၊ နော်ဝေနိုင်ငံ ဒုက္ခသည်များဆိုင်ရာကောင်စီ(NRC)၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (UNHCR) နှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်မှုရုံး (OCHA) တို့ပါဝင်သည်။ လက်စွဲစာအုပ်သည် ရရှိခဲ့သောသင်ခန်းစာများနှင့် လိုက်နာသင့်သည့် ကောင်းမွန်သောဆောင်ရွက်ပုံများကို စုစည်းပေးပြီး ကဏ္ဍအလိုက် အချက်အလက်များကိုလည်း ပေးအပ်သည်။

နောက် ၇နှစ် ကြာသည့် ၂၀၁၅ခုနှစ်တွင် စခန်းစီမံခန့်ခွဲမှု လက်စွဲစာအုပ်ကို အချိန်နှင့်တစ်ပြေးညီ ထပ်မံ၍ တည်းဖြတ် ထုတ်ဝေလိုက်ပါသည်။ ဤ လက်စွဲစာအုပ်အသစ်ကို ကမ္ဘာလုံးဆိုင်ရာ စခန်းညှိနှိုင်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှု အစု အဖွဲ့ (CCCM Cluster) မှ လက်ခံအတည်ပြုပြီး ဖြစ်ပါသည်။ ဤလက်စွဲစာအုပ် တည်းဖြတ်မွမ်းမံမှု ပြီးမြောက်စေရန် လူပုဂ္ဂိုလ်များစွာမှ ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

အခန်းတစ်ခုစီကို ကျွမ်းကျင်ပညာရှင်တစ်ဦးစီက အချိန်နှင့်တစ်ပြေးညီစေရန် ပြင်ဆင်ရေးသားပြီး အကြံပေးအဖွဲ့မှ ထပ်မံစစ်ဆေးပြင်ဆင်ကာ ဦးဆောင်ကော်မီတီ (Steering Committee) မှ လက်ခံအတည်ပြုပေးပါသည်။ တွဲဖက် ပါဝင်ရေးသားသူများအား အခန်းတစ်ခုစီတွင် အချို့ခေါင်းစဉ်များ ပါဝင်ရေးသားရန်၊ အရေးကိစ္စတစ်ခုတည်းအပေါ် တွင် မတူညီသော အမြင်များရှိပါက ဖော်ပြရန်နှင့် ကွင်းဆင်းအတွေ့အကြုံ ဥပမာများကို တင်ပြရန် တိုက်တွန်းခဲ့ပါသည်။

ဤတည်းဖြတ်ထုတ်ဝေမှုအသစ်သည် စခန်းစီမံခန့်ခွဲမှု သက်မွေးပညာရှင်များအားလုံး အသုံးပြုနိုင်မည့် ပိုမိုကောင်း မွန်သည့် လမ်းညွှန်လက်စွဲအဖြစ် ပေးအပ်နိုင်ရန်အတွက် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် နိုင်ငံအစိုးရ အများပါဝင်သည့် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို ကိုယ်စားပြုပါသည်။ စာတည်း (အယ်ဒီတာ) အဖွဲ့သည် စခန်းစီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲမှု အေဂျင်စီတစ်ခုအနေနှင့် သိသင့်သိထိုက် ပြီး ဆောင်ရွက်ထိုက်သည့် လုပ်ငန်းများကို ဦးတည်နိုင်ရန် ကြိုးစားထားပါသည်။ စာတည်း (အယ်ဒီတာ) များသည် ဤ လက်စွဲစာအုပ်ကို စခန်းစီမံခန့်ခွဲရေး ဝန်ဆောင်မှုများပေးနေသည့် အေဂျင်စီများ၏ အမြင်အတိုင်း လိုက်ဖက်ညီစေရန် ရှင်းလင်းသေချာစွာ ကြိုးစားဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့သည် စခန်းများအား စီမံခန့်ခွဲရန် နှင့် ညှိနှိုင်းဆောင်ရွက်ရန်အတွက် နိုင်ငံအာဏာပိုင်များ၏ နေရာမှန်ကိုလည်း အထူးပြုဖော်ပြနိုင်ရန် ကြိုးစားထားပါသည်။ စခန်းတစ်ခုအစား စုစည်းနေထိုင်ရာနေရာ (Collective Center) တစ်ခုကို ထူထောင်ပါက ရှိနိုင်သည့် ခြားနားမှုများကိုလည်း ရှင်းလင်းဖော်ပြထားပါသည်။

လိုအပ်သင့်လျော်သည့်နေရာတွင် စခန်းစီမံခန့်ခွဲမှုအတွက် ဆောင်ရွက်ပုံအသစ်များကို အခန်းတစ်ခုချင်းစီတွင် ဖြည့်စွက်ထည့်သွင်းဖော်ပြထားသည်။ အချို့စာသားများကို ပိုမိုတိကျစေရန် ပြင်ဆင်ထားပြီး ဥပမာများစွာကို မျက် မှောက်ကာလနှင့် ပို၍ နီးစပ်သည့် ဥပမာများဖြင့် အစားထိုးထားပါသည်။ အသုံးပြုရန် နည်းလမ်းများ (Tools) နှင့် ရည်ညွှန်းစာအုပ်စာတမ်းများကိုလည်း လက်ရှိနှင့် အနီးစပ်ဆုံး ရရှိနိုင်သည့် အချက်အလက်များ ပေးထားသည်။ ဤ နောက်ဆုံးတည်းဖြတ်ထုတ်ဝေသည့် စခန်းစီ မံခန့်ခွဲမှုလက်စွဲစာအုပ်သည် လိုအပ်ချက်ကို ဖြည့်ဆည်းပေးပြီး ရွှေ့ပြောင်းနေထိုင်ရသူများ အပါအဝင် စခန်းစီမံခန့်ခွဲမှုတွင်

ပါဝင်ဆောင်ရွက်နေသူအားလုံးမှ လက်ခံအသုံးပြုနိုင်သည့် ရည်ညွှန်းစာအုပ် ဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ထားပါသည်။

## လက်စွဲစာအုပ်ကို မည်သို့ အသုံးပြုမည်နည်း

၂၀၁၅ခုနှစ်တွင်တည်းဖြတ်ထုတ်ဝေသည့် စခန်းစီမံခန့်ခွဲမှု လက်စွဲစာအုပ်အသစ်ကို အပိုင်း ၄ပိုင်း ခွဲခြားတင်ပြထား ပါသည်။

အပိုင်း (၁) - မိတ်ဆက်

အပိုင်း (၂) - အဓိက စီမံခန့်ခွဲမှု လုပ်ငန်းများ

အပိုင်း (၃) - ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်

အပိုင်း (၄) - စခန်းရှိ ဝန်ဆောင်လုပ်ငန်းများ

## လက်စွဲစာအုပ်၏ အပိုင်းများကို မိတ်ဆက်တင်ပြခြင်း

### အပိုင်း (၁) - မိတ်ဆက်

အပိုင်း(၁) တွင် ၂၀၁၅ခုနှစ်ထုတ် စခန်းစီမံခန့်ခွဲမှု လက်စွဲစာအုပ်နှင့် စခန်းစီမံခန့်ခွဲမှုအကြောင်းတို့ကို ခြုံငုံ၍ မိတ်ဆက်တင်ပြထားပါသည်။ စခန်းစီမံခန့်ခွဲမှုဆိုသည်မှာ မည်သည်ကို ဆိုလိုပြီး (အခန်း ၁) မည့်သည့်အချက်များကို ပြည့် မြောက် ရရှိစေရန်ဖြစ်ကြောင်းကို တူညီစွာ နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။

စခန်းများနှင့် ၄င်းတို့အား စီမံခန့်ခွဲရခြင်းမှာ နောက်ခံအခြေအနေအလိုက် များစွာကွဲပြားပြီး စခန်းလုပ်ငန်းများ၏ သဘာဝနှင့် အခြေအနေများအပေါ်တွင် များစွာတည်မှီနေပါသည်။ အတွေ့အကြုံများအရ ကြီးမားသော စိန်ခေါ်မှု တစ်ရပ်မှာ အရေးပေါ်အခြေအနေ အသစ်တစ်ခု၏ အစပိုင်းတွင်ဖြစ်စေ၊ ကြာရှည်စွာ ရွှေ့ပြောင်းနေထိုင်ရသည့် အခြေအနေတွင်ဖြစ်စေ ပါဝင်ဆောင်ရွက်သူများအကြား အပြန်အလှန် သဘောတူညီထားကြသည့် အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ (အခန်း ၂) ရှိနေစေရန်ပင် ဖြစ်သည်။ ထိုသို့ရှင်းလင်းစွာ သိရှိသဘောတူညီမှုမှာ စခန်းလုပ်ငန်း များအား ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရေးပါသော လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ၄င်းသည် ရွှေ့ ပြောင်းနေထိုင်ရသည့် လူထုအတွက် ဆောင်ရွက်ပေးနေသူများ၏ တာဝန်ခံယူမှုကိုလည်း ထောက်ကူပေးသည့် အချက် ဖြစ်သည်။

### အပိုင်း (၂) - အဓိက စီမံခန့်ခွဲမှု လုပ်ငန်းများ

အပိုင်း (၂) တွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ဆောင်ရွက်ရမည့် အဓိက စီမံခန့်ခွဲမှုလုပ်ငန်းများကို ပို၍ အသေးစိတ်ဖော်ပြထားသည်။ ၄င်းတို့အားလုံးမှာ အခြေခံလုပ်ငန်းများဖြစ်၍ ကဏ္ဍများစွာနှင့် ဆက်စပ်နေသော ကိစ္စများဖြစ်သည်။ စခန်းလူထုအတွက် အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုများပေးရာတွင် တစ်ပြေးညီ စံနှုန်းများအတိုင်းဖြစ်ကြောင်း သေချာစေရန် အရေးကြီးသည့်လုပ်ငန်းများလည်းဖြစ်သည်။

အခန်း (၃) တွင် ဖော်ပြထားသည့် လူထုပူးပေါင်းပါဝင်ဆောင်ရွက်မှုမှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် မရှိမဖြစ်လိုအပ်သည်။ ၄င်းမှာ ထိရောက်သော စီမံခန့်ခွဲမှုအတွက်လည်း လိုအပ်သကဲ့သို့ ရွှေ့ပြောင်းနေထိုင်ရမှုကြောင့် ကံ မကောင်းစွာ လျော့ပါးခဲ့ရသော စွမ်းဆောင်ရည်များ၊ မိမိကိုယ်ကို တန်ဖိုးထားမှုများနှင့် ဂုဏ်သိက္ခာများကို ထူထောင် ရန်အတွက်လည်း လိုအပ်ပါသည်။

ညှိနှိုင်းဆောင်ရွက်မှု (အခန်း ၄) နှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှု (အခန်း ၅) တို့မှာ မိတ်ဖက်အဖွဲ့များအကြား ဆီလျော်၍ တိကျသေချာကာ အချိန်နှင့်တစ်ပြေးညီဖြစ်သည့် စခန်းနှင့် သက်ဆိုင်သော သတင်းအချက်အလက် များကို အသုံးပြု၍ ဆောင်ရွက်သည့် လုပ်ငန်းများဖြစ်ပါသည်။ သတင်းအချက်အလက်များကောက်ယူ၍ မျှဝေပေးခြင်း မှာ စခန်းလုပ်ငန်းများအတွက် လစ်ဟာမှုနှင့် လိုအပ်ချက်များကို ဖော်ထုတ်၍ အစီအစဉ်များ ရေးဆွဲဆောင်ရွက်နိုင်ရန် အတွက် အဓိကကျပါသည်။

သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်တို့ကို အသုံးချခြင်းနှင့် ကာကွယ်ခြင်းနှင့် သက်ဆိုင်သည့် အခန်း (၆) မှာ စခန်းလုပ်ငန်းများအတွက် အလားတူပင် အဓိကကျပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးကိစ္စများမှာ စခန်း တွင်နေထိုင်သူများ၏ ဘဝအပေါ် သက်ရောက်နိုင်သည်သာမက အိမ်ရှင်လူထုကိုပါ ထိခိုက်စေနိုင်သောကြောင့် စခန်းရှိ ကဏ္ဍအားလုံးနှင့် စခန်းနယ်နိမိတ်ပြင်ပအထိ ထည့်သွင်းစဉ်းစားရန် လိုပါသည်။

စခန်းထူထောင်ရန် အစီအစဉ်ဆွဲစဉ်ကပင် စခန်းပိတ်သိမ်းခြင်းအတွက် ထွက်ခွာရန်နည်းဗျူဟာကို စဉ်းစားရန်

လိုအပ်ပါသည်။ စခန်းထူထောင်ခြင်း နှင့် စခန်းပိတ်သိမ်းခြင်း (အခန်း ၇) မှာ သီးခြားစီ ရှုမြင်ဆောင်ရွက်ရန် မဟုတ်ဘဲ စခန်း ၏ ဆက်စပ်နေသော ဘဝစက်ဝန်းတွင် အစပိုင်းနှင့် အဆုံးပိုင်းအဖြစ် ရှုမြင်ရပေမည်။ စံနှုန်းများအတိုင်း စခန်း ထူထောင်ခြင်းနှင့် ပိတ်သိမ်းခြင်းတို့အတွက် ကောင်းစွာအစီအစဉ်ရေးဆွဲခြင်းမှာ စခန်းလူထု၏ နေ့စဉ်ဘဝအပေါ် တိုက် ရိုက်သက်ရောက်မှုရှိသည့်အပြင် စခန်းအား စီမံခန့်ခွဲပုံ အပေါ်၌လည်း သက်ရောက်စေနိုင်ပါသည်။

## အပိုင်း (၃) - ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်

ရွှေ့ပြောင်းနေထိုင်ရသူများ၏ အခွင့်အရေးကို ထိမ်းသိမ်းကာကွယ်ပေးရန်မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အလုပ်တွင် အဓိကအကျဆုံး ဖြစ်သည်။ အပိုင်း (၃) မှာ ကာကွယ်စောင့်ရှောက်မှုနှင့် စပ်လျဥ်း၍ ယေဘုယျ နှင့် သေချာစွာ စဉ်းစား ရန် လိုအပ်သည့် အရေးကိစ္စများ၊ သတင်းအချက်အလက်များနှင့် လမ်းညွှန်များကို ဖေါ်ထုတ်ပြထားသည်။ ၄င်းတွင် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အထူး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ၊ အပ်နှင်းထားသော တာဝန်များလည်း ပါဝင်သည်။

မှတ်ပုံတင်စာရင်းသွင်းခြင်း (အခန်း ၉) မှာ အဓိက ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ နည်းလမ်းတစ်ခုဖြစ်၍ အကူအညီ နှင့် ကာကွယ်စောင့်ရှောက်မှုများကို သာတူညီမျှပေးအပ်နိုင်ရန် အခြေခံလည်းဖြစ်သည်။ ထို့ပြင် မှတ်ပုံတင်စာရင်းသွင်း ထားသည့် အချက်အလက်များမှာ ကျားမ လူမှုကဏ္ဍကွဲပြားမှု (Gender) ကို အခြေခံသည့် အကြမ်းဖက်မှု အန္တရာယ် နီးကပ်သူများ (အခန်း ၁၀) နှင့် သီးခြားလိုအပ်ချက်ရှိသူ (အခန်း ၁၁) အုပ်စုများအား ကာကွယ်မှုပေးနိုင်ရန်အတွက် အထူးသဖြင့် အရေးပါသည်။ ထိုသူများမှာ စခန်းအခြေအနေတွင် အန္တရာယ်ကျရောက်နိုင်ခြေ ပိုများသောကြောင့် အထူးသီးခြား အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုများ လိုအပ်ပါသည်။

စခန်း ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေး (အခန်း ၁၂) မှာ စခန်းလူထု၊ နိုင်ငံအာဏာပိုင်များ နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းများ အပါအဝင် စခန်းလုပ်ငန်းများတွင် ပါဝင်သူအားလုံးအတွက် အရေးတကြီး လိုအပ်သည်။ ထိရောက်သော လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုမှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေနှင့် အများအားဖြင့် လုံခြုံမှု မရှိတတ်သည့် ပတ်ဝန်းကျင်အခြေအနေတွင် လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မရှိမဖြစ် လိုအပ်ချက်တစ်ရပ် ဖြစ်သည်။

## အပိုင်း (၄) - စခန်းရှိ ဝန်ဆောင်လုပ်ငန်းများ

လက်စွဲစာအုပ်၏ နောက်ဆုံးအပိုင်းမှာ စခန်းများတွင် ရှိတတ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သီးခြား ကဏ္ဍများနှင့် ဝန်ဆောင်မှုများအား ဦးတည်ဖေါ်ပြခြင်းဖြစ်သည်။ ထို့ပြင် စခန်းလူထုအတွက် အခြေခံလိုအပ်ချက်များ နှင့် အခြေခံလူ့အခွင့်အရေးများ ပြည့်မီနိုင်ရန် သက်ဆိုင်ရာ အကူအညီများ ပေးအပ်ခြင်းလည်း ပါဝင်သည်။

စခန်းစီမံခန့်ခွဲမှု လက်စွဲစာအုပ်၏ ရည်ရွယ်ချက်မှာ စခန်းလုပ်ငန်းများတွင် ဦးစွာ ရောက်ရှိဆောင်ရွက်ပေးလေ့ရှိသည့် အောက်ပါ ဝန်ဆောင်မှုများအား ဦးတည်ဖေါ်ပြရန်ဖြစ်သည်။

- ➔ အစားအစာ ဖူလုံရေးနှင့် လူသုံးပစ္စည်းများ (အခန်း ၁၃) - ရွှေ့ပြောင်းနေထိုင်ရသူများတွင် စားသုံးရန် အစားအစာ နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာပျော်ရွှင်ရေးနှင့် အိမ်ထောင်ထိမ်းသိမ်းမှုအတွက် ပစ္စည်းများ လုံလောက်စွာ ရှိကြောင်း သေချာစေရန် ဖြစ်သည်။
- ➔ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး (အခန်း ၁၄) - လူထုအား ကပ်ရောဂါများနှင့် အခြားရောဂါများမှ ကာကွယ်ပေးပြီး ကောင်းမွန်သောကျန်းမာရေးအခြေအနေကို ထိမ်းသိမ်းရရှိနိုင်ရန်အတွက် စိတ်ချရသော သောက်သုံး ရေနှင့် သင့်လျော်သည့် ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်ပစ္စည်းများ ပေးအပ်ရန် ဖြစ်သည်။
- ➔ နေထိုင်စရာ (အခန်း ၁၅) - ပြည်သူတို့အား ရာသီဥတုဒါဏ်မှ ကာကွယ်ပေးရန်သာမက တစ်ကိုယ်ရေ လွတ်လပ်မှု နှင့် ဂုဏ်သိက္ခာအတွက် နေရာကိုပါ ပေးအပ်နိုင်ရန် သေချာစေရေးအတွက်ဖြစ်သည်။
- ➔ ကျန်းမာရေးနှင့် အာဟာရ (အခန်း ၁၆) - စခန်းလူထု၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို အန္တရာယ် ပြုနိုင်သည့် အရေးကြီးသောအကြောင်းရင်းများကို သိနားလည်မှု မြင့်တင်ပေးနိုင်ရန်နှင့် အဖြစ်များသောရောဂါများကို သင့်လျော်စွာ ကာကွယ်ကုသပေးနိုင်ရန် ဖြစ်သည်။
- ➔ ပညာရေး (အခန်း ၁၇) - အထူးသဖြင့် ကလေးနှင့် လူငယ်များအတွက် တစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် နေရပ်ပြန် သည့်အခါ ပြန်လည်ဝင်ဆန့်ရန်နှင့် စောစီးစွာ ပြန်လည်အခြေချနိုင်ရန် ပညာရေးနှင့် သင်တန်းများ၏ အရေးပါမှုကို အထူးပြု တင်ပြသည်။

- ➔ အသက်မွေးဝမ်းကျောင်း (အခန်း ၁၈) - စခန်းလူထု၏ မိမိကိုယ်ကိုတန်ဖိုးထားမှု၊ အစားအစာဖူလုံမှုနှင့် စီးပွားရေး အမှီအခိုကင်းမှုတို့ မြင့်မားလာစေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝင်ငွေရလုပ်ငန်းများကို တိုးမြှင့်ဆောင် ရွက်နိုင်မည့် ဖြစ်နိုင်ခြေများကို ဖော်ပြထားသည်။

## ကဏ္ဍများစွာနှင့် ဆက်နွယ်နေသော အရေးကိစ္စများ

စခန်းစီမံခန့်ခွဲမှု လက်စွဲစာအုပ်၏ ခေါင်းစဉ်အများစုမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေ၍ အခြားကဏ္ဍများ၊ အခန်းစဉ် များနှင့် ဆီလျော်စွာ ချိတ်ဆက်နေကြသည်။ ကျား၊မ လူမှုကဏ္ဍအခြေခံသည့် အကြမ်းဖက်မှု၊ ကာကွယ်စောင့်ရှောက်မှု၊ လူထုပါဝင်ဆောင်ရွက်မှု၊ သတင်းအချက်အလက်စီမံခန့်ခွဲမှု နှင့် သဘာဝပတ်ဝန်းကျင် စသည့် ခေါင်းစဉ်များမှာ ကဏ္ဍ များစွာနှင့် ဆက်နွယ်နေတတ်၍ ၎င်းတို့၏ သတင်းအချက်အလက်များမှာ လက်စွဲစာအုပ် တစ်ခုလုံးတွင် ရောယှက် ပါဝင်နေသည်။ ထို့ပြင် ကျားမလူမှုကဏ္ဍ (Gender)၊ အသက်အရွယ်၊ HIV/AIDS၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများနှင့် စိတ်ကျန်းမာရေး၊ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးခြင်း တို့သည် အခန်းစဉ်များတွင် ပေါင်းစပ် ပါဝင်နေကြသည်။

## အခန်းများ ဖွဲ့စည်းရေးသားပုံ

အခန်းတိုင်းတွင် အဓိကဖွဲ့စည်းပုံမှာ တူညီ၍ အောက်ပါအတိုင်း ခွဲခြားထားသည်။
- ➔ အဓိကအချက်အလက်များ
- ➔ မိတ်ဆက်
- ➔ အဓိက အရေးကိစ္စများ
- ➔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် စစ်ဆေးရန် လုပ်ငန်းစာရင်း
- ➔ အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ
- ➔ ရည်ညွှန်းစာအုပ်စာတမ်းများ

အခန်းတစ်ခန်းစီမှာ သက်ဆိုင်ရာ ကျွမ်းကျင်သူများမှ ရေးသားခဲ့ခြင်းဖြစ်ပြီး ခေါင်းစဉ်၏ သဘာဝအရ ကိုယ်ပိုင် လက္ခဏာများ ရှိနေသည်ကို နားလည်နိုင်ပါလိမ့်မည်။ မူလရေးသားသူ၏ ကိုယ်ပိုင်ဟန်ကို ထိန်းသိမ်းလျက် အခန်းစဉ် များကို ဂရုတစိုက် သေချာစွာ ပြင်ဆင်ရေးသားထားပါသည်။

## အဓိကအချက်အလက်များ

ထိုအချက်အလက်များမှာ အခန်းတွင် ပါဝင်သည့် အကြောင်းအရာများကို ထင်ဟပ်လျက် သက်ဆိုင်ရာ ရှုထောင့်၊ ကဏ္ဍများအလိုက် လုပ်ငန်းလုပ်ဆောင်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အရေးကြီးသော အချို့အချက်အလက်များ၊ ကိစ္စရပ်များကို အထူးပြု ဖော်ပြခြင်း ဖြစ်သည်။

## မိတ်ဆက်

အခန်း၏ သဘာဝနှင့် ခေါင်းစဉ်ပေါ် မူတည်၍ အခန်းတွင် ပါဝင်သည့်အချက်များကို ခြုံငုံ၍ဖြစ်စေ၊ အကျဉ်းချုပ်ဖြစ်စေ၊ အရေးကြီးသော နောက်ခံအချက်အလက်များကို ဖော်ပြ၍ဖြစ်စေ မိတ်ဆက်တင်ပြပေးခြင်းဖြစ်သည်။

## အဓိက အရေးကိစ္စများ

အခန်းတိုင်းတွင် ပါဝင်သော အချက်အလက်အများစုကို အဓိကအရေးကိစ္စများတွင် ထည့်သွင်းဖော်ပြထား၍ သင့်လျော် သလို ဖွဲ့စည်းတင်ပြထားသည်။ ဖြစ်နိုင်သည့်အခါတိုင်း စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အခန်းကဏ္ဍနှင့်တာဝန်ဝတ္တရားများ ကို ဖော်ပြ၍ အစပိုင်းတွင် ပြန်လည်စုစည်းတင်ပြထားသည်။

### စခန်းစီမံခန့်ခွဲမှုအဖော်ဂျင်စီအတွက် စစ်ဆေးရန် လုပ်ငန်းစာရင်း

ထိုစာရင်းမှာ အခန်းတွင် ပါဝင်သည့်အချက်များကို ထင်ဟပ်၍ ပြန်လည်စုစည်းတင်ပြထားသည်။ ထို့ပြင် သက်ဆိုင်ရာ ကဏ္ဍ သို့မဟုတ် လုပ်ငန်းများ ဆောင်ရွက်သည့်အခါ စစ်ဆေးရမည့် နောက်ထပ် အသေးစိတ်များလည်း ပါဝင်သည်။ ၎င်းကို ကွင်းဆင်းဝန်ထမ်းများအတွက် လက်တွေ့နည်းလမ်း နှင့် ပြန်လည်သတိရစေမည့်အရာ အနေနှင့် ရည်ရွယ် ခြင်းဖြစ်သည်။ စာရင်းမှာ ပုံစံဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်း နှင့် ဆန်းစစ် သုံးသပ်ခြင်းတို့အတွက်လည်း အထောက်အကူ ဖြစ်စေနိုင်ပေမည်။ ၎င်းတို့ကို အချိန်ကာလအလိုက် သို့မဟုတ် လုပ်ဆောင်ရန်အချက်များ အားလုံးပါဝင်သည့်စာရင်းအနေနှင့် တင်ပြရန် ရည်ရွယ်ခြင်းမဟုတ်ပါ။ ထိုသို့သော အသေး စိတ် နည်းလမ်းများမှာ နောက်ခံအခြေအနေပေါ်တွင် မူတည်သည်။

### အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ

စခန်းစီမံခန့်ခွဲမှု ဆောင်ရွက်ပုံအလေ့အထများကို ပံ့ပိုးပေးရာတွင် အသုံးပြုရန် တိကျ၍ အသုံးပြုရန် လွယ်ကူသော နည်းလမ်းများ ဖြစ်သည်။ ၎င်းတို့မှာ သတ်မှတ်ပုံစံများအတိုင်း ဖြစ်သော်လည်း များလွန်းခြင်းမရှိသော စစ်ဆေးရန် စာရင်းများ၊ လုပ်ငန်းတာဝန်သတ်မှတ်ချက်များ၊ ဆန်းစစ်ပုံစံများ၊ မှတ်စုတိုများနှင့် အချက်အလက်စာရွက်များကို ဥပမာ များ ပေးထားသည်။ ၎င်းတို့ကို ကမ္ဘာတစ်ပှမ်း ကွင်းဆင်းဝန်ထမ်းများထံမှ စုဆောင်းထားခြင်းဖြစ်သည်။ အချို့မှာ ဝန်ထမ်းများက နောက်ခံအခြေအနေအလိုက် လိုအပ်ချက်အတွက် တိကျသည့်အဖြေကို ရလို၍ ပြုစုထားခြင်း ဖြစ်သည်။ ၎င်းတို့သည် နိုင်ငံတကာရှိ စခန်းစီမံခန့်ခွဲမှု စီမံချက်များနှင့် ဝန်ထမ်းများအတွက် နမူနာပုံစံများအဖြစ် လက်တွေ့အထောက်အကူ ပေးနိုင်ပေလိမ့်မည်။ အချို့ လုပ်ငန်းနည်းလမ်းများမှာ နောက်ခံအခြေအနေ သို့မဟုတ် စခန်းတစ်မျိုးတည်းအတွက် ပြုစုထားခြင်းဖြစ်သော်လည်း အခြားနည်းလမ်းများမှာ ပို၍ ယေဘုယျကျပြီး နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် နည်းလမ်းများ ဖြစ်နိုင်သည်။

### ရည်ညွှန်းစာအုပ်စာတမ်းများ

ရည်ညွှန်းစာအုပ်စာတမ်းများမှာ စခန်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဖတ်ရှုသူများအတွက် အသိပညာ ပြည့်စုံစွာရရှိနိုင်စေရန် သတင်းအချက်အလက် အရင်းအမြစ်များကို ဖော်ပြပေးခြင်းဖြစ်သည်။ ပုံမှန်အားဖြင့် ရည်ညွှန်းစာအုပ်စာတမ်းများမှာ လက်စွဲစာအုပ်များ၊ လမ်းညွှန်များ၊ စာအုပ်ငယ်များနှင့် မူဝါဒစာတမ်းများ ဖြစ်လေ့ရှိသည်။ စခန်းစီမံခန့်ခွဲမှုဝန်ထမ်း အားလုံးသည် အခြားရင်းမြစ်များမှ နောက်ထပ်အချက်အလက်များကို စဉ်ဆက်မပြတ် ရှာဖွေရယူသင့်သည်။ ၎င်းတို့ သည် ကျွမ်းကျင်သက်မွေးပညာရှင်အဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးစား၍ အကောင်းဆုံးဆောင်ရွက်ပုံ အလေ့ အထများမှ ဥပမာယူ၍ လေ့လာသင့်ပေသည်။ ဤအကြောင်းရင်းကြောင့် အခန်းတစ်ခုစီ၏ အဆုံးတွင် အဆီလျော် ဆုံးဖြစ်သည့် ရည်ညွှန်းစာအုပ်စာတမ်းများစာရင်းကို ထည့်သွင်းပေးထားသည်။

**အသုံးပြုရန်နည်းလမ်းအထောက်အကူများနှင့် ရည်ညွှန်းစာအုပ်စာတမ်းများ**

အောက်တွင် စာရင်းပြုစုဖော်ပြထားသော အသုံးပြုရန် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများအားလုံးကို အီလက်ထရောနစ်စနစ်ဖြင့် စခန်းစီမံခန့်ခွဲမှုလက်စွဲစာအုပ် ပုံနှိပ်စာအုပ်တိုင်းနှင့်အတူ ပါရှိသည့် USB Memory stick မှ၎င်း၊ www.cmtoolkit.org ဝက်ဘ်ဆိုက်တွင်၎င်း ရရှိနိုင်ပါသည်။

### စာကွက်များ

ကွင်းဆင်းဆောင်ရွက်သူများထံမှ လက်တွေ့ လမ်းညွှန် အကူအညီများ၊ ရရှိခဲ့သော သင်ခန်းစာများနှင့် အကောင်းဆုံး အလေ့အထများ၊ ကမ္ဘာတစ်ဝှမ်းမှ ဖြစ်ရပ်မှန် စခန်း ဘဝအခြေအနေများ

## ကွင်းဆင်းအတွေ့အကြုံများ၊ စခန်းတစ်ခုကို စီမံခန့်ခွဲသည့်အခါ အထူးသဖြင့် သတိပြုရမည့် အချက်အလက်များနှင့် အကြောင်းအရာများ